ယေရှုးရွှေနှလုံးတော်ပွဲ ဇွန် ၂၁၊ ၂၀၂၀

လောကကမ္ဘာမှာ ချစ်ခြင်းမေတ္တာမီးလွှမ်းခြုံပါစေ

ကာဒီနယ် ချားလ်စ်မောင်ဘို (SDB) ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်

နိဒါန်း

ဒီကနေ့ ယေရှုးဘုရားရှင်ဟာ မေတ္တာတော်ရှင်ဖြစ်ကြောင်း ပြသတော်မူခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းက ကက်သလစ်သာသနာတော်ကလည်း ခရစ်ယာန်ဘာသာရဲ့ အဓိကသွန်သင် ချက်ဖြစ်တဲ့ "ချစ်ခြင်းမေတ္တာ"ကို ချီးမွမ်းဂုဏ်ပြုကြပါတယ်။ ခရစ်ယာန်တွေဟာ အလွန်သန့် ရှင်းစင်ကြယ်တော်မူသောဦးနှောက်တော်၊ အလွန်သန့်ရှင်းစင်ကြယ်တော်မူသောလက်တော်ဆို ပြီး ချီးမွမ်းဂုဏ်ပြုတာမျိုး မရှိပါဘူး။ ဒါပေမဲ့ ချစ်ခြင်းမေတ္တာရဲ့ အုတ်မြစ်နဲ့ သင်္ကေတဖြစ်တဲ့ အလွန်သန့်ရှင်းစင်ကြယ်တော်မူသော ယေရှုးရွှေနှလုံးတော်ကိုတော့ တညီညွတ်တည်း ချီးမွမ်း ဂုဏ်ပြုကြပါတယ်။

ယေရှုးဘုရားရှင်ရဲ့ တစ်ခုတည်းသောပညတ်ချက်က "သင်တို့အား ငါချစ်သည့်အတိုင်း သင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦးချစ်ကြလော့"ဆိုတဲ့ပညတ်ချက်ပဲဖြစ်တယ်။ ကိုယ်တော်ရှင်ဟာ ကားတိုင်တော်ပေါ်မှာ အသေခံတော်မူခြင်းအားဖြင့် အဲဒီချစ်ခြင်းမေတ္တာကို သက်သေပြခဲ့ပါတယ်။ ရောမစစ်သားက နံဘေးတော်ကို လှံနဲ့ထိုးတဲ့အချိန် ထွက်လာတဲ့ နောက်ဆုံးလက်ကျန်သွေးစက်အထိ လူသားတွေအတွက် ပေးဆပ်ခဲ့ပါတယ်။ ကိုယ်တော်ရှင်ရဲ့နောက်ဆုံး နှလုံးခုန်သံဟာ ကျွန်ုပ်တို့တစ်ဦးစီအတွက်ပါပဲ။

ကိုယ်တော်ရှင်ရဲ့ ချစ်ခြင်းမေတ္တာဖော်ထုတ်ပြသခြင်းကို ဂုဏ်ပြုချီးမွမ်းဖို့ ကျွန်ုပ်တို့စုရုံး ရောက်ရှိနေကြပါတယ်။ အဲဒီမေတ္တာတော်ဟာ ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာတော်ကို လှပစွာ ထင်ဟပ်နေပါတယ်။ "ဘုရားသခင်ဟာ လောက ကမ္ဘာကို လွန်စွာချစ်မြတ်နိုးတော်မူတဲ့ အတွက် လူသားတွေကို ဒဏ်ခတ်ခြင်းမပြုဘဲ ကယ်တင်ဖို့ရန် မိမိရဲ့ တစ်ပါးတည်းသော သားတော်ကို ပေးအပ်တော်မူခဲ့ပါတယ်"။ အဲဒီချစ်ခြင်းမေတ္တာကို ယေရှုးဘုရားရှင်ထံမှာ တွေ့ရှိရ ပါတယ်။

စိန့်ဂဲထရု၊ စိန့်မာဂရက်မေရီနဲ့ အခြားသောရဟန္တာတွေကို ယေရှုးဘုရားရှင်ကိုယ်ထင် ရှားပြခဲ့စဉ်က မိမိရဲ့ ကြီးမားတဲ့ချစ်ခြင်းမေတ္တာအကြောင်း မိန့်ကြားစဉ်မှာ နှလုံးတော်ကို ပြသတော်မူခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာ လုပ်ဆောင်နေကြတဲ့ ယေရှုးရွှေနှလုံးတော်သဒ္ဓါကြည် ညိုခြင်းကပေးတဲ့ သတင်းစကားဟာ တစ်ခုပဲရှိပါတယ်။

ခရစ်ယာန်ဘာသာဟာ စာလုံး(၄)လုံးကို ဖော်ဆောင်တဲ့ ဘာသာတရားဖြစ်ပါတယ်။
အဲဒီစာလုံး(၄)လုံးကတော့ “L-0-V-E” ဆိုတဲ့ ချစ်ခြင်းမေတ္တာပဲဖြစ်ပါတယ်။

“ဘုရားသခင်ဟာ ချစ်ခြင်းမေတ္တာဖြစ်တော်မူတယ်”ဆိုပြီး မှန်မှန်ကန်ကန် နားလည်ကြ ဖို့ အလွန်သန့်ရှင်းစင်ကြယ်တော်မူသောယေရှူးရွေနှလုံးတော်ပွဲက ကျွန်ုပ်တို့ကို တိုက်တွန်းနေ ပါတယ်။ စာလုံး(၄)လုံးဖြစ်တဲ့ “H-E-L-L” ဆိုတဲ့ ထာဝရငရဲအကြောင်း အကြီးအကျယ်

ဟောပြောခဲ့ကြတဲ့ တရားဟောဆရာတွေကြောင့် ခရစ်ယာန်ဘာသာရဲ့ အနှစ်သာရဟာ မှေးမှိန် ခဲ့ရပါတယ်။ ငရဲနဲ့ ထာဝရအပြစ်ဒဏ်ကို ကြောက်ရွံ့တဲ့စိတ်က ခရစ်ယာန်ဘာသာရဲ့ တကယ့် အလှတရားကို ဝါးမျိုသွားခဲ့တယ်။ ယုံကြည်ခြင်းရှိမယ်၊ ဆယ်ဖို့တစ်ဖို့လှူဒါန်းမယ်ဆိုရင် ဘုရားသခင်က ကျန်းမာခြင်းနဲ့ ဥစ္စာဓန ဆုကျေးဇူးကို ပြန်လည်ပေးအပ်မယ်ဆိုပြီး ဟောပြော ကြသူတွေကြောင့်လည်း ချစ်ခြင်းမေတ္တာကို အခြေခံတဲ့ ခရစ်တော်ရဲ့ ဧဝံဂေလိတရားတော်ဟာ ငွေကြေးစီးပွားတိုးပွားစေဖို့ ကျင့်ကြံရမယ့်တရားလိုလို ဖြစ်လာခဲ့ရတယ်။ ဖျော်ဖြေရေးလုပ်ငန်းတွေကလည်း ချစ်ခြင်းမေတ္တာဆိုတာ ကာမဂုဏ်ခံစားမှုအဆင့်လောက်ကိုပဲ ရည်ညွှန်း သယောင် တင်ဆက်ပြသနေကြပါတယ်။ ချစ်ခြင်းမေတ္တာကို အဲဒီလိုမှားယွင်းစွာ ပုံဖော်နေကြ တာတွေကို ယေရှူးရွေနှလုံးတော်ပွဲက စိန်ခေါ်လိုက်ပါပြီ။ ဒီပွဲနေ့ဟာ လူသားတွေမှာ ရှိရမယ့် အဓိကမဏ္ဍိုင်ဖြစ်တဲ့ “ချစ်ကြပါ၊ ချစ်ခြင်း၌သာ တည်ကြပါ”ဆိုတဲ့တရားကို ပြန်လည်ကျင့်ကြံ ကြဖို့ နှိုးဆော်တိုက်တွန်းနေပါတယ်။

ချစ်ခြင်းမေတ္တာဟာ ကိုယ်ကျိုးရှာဖို့၊ စိတ်ကြိုက်ခြယ်လှယ်ဖို့၊ အလွဲသုံးစားလုပ်ဖို့၊ နောက်ဆုံးမှာ ပျက်စီးခြင်းကို ရောက်ဖို့ အပြုအမူအဖြစ် ပြောင်းလဲသွားနိုင်ပါတယ်။ ကျွန်ုပ်တို့ ဘဝရည်မှန်းချက်နောက်လိုက်တဲ့နေရာမှာ ယေရှူးသခင်ကို စံနမူနာယူဖို့ ဒီပွဲနေ့က နှိုးဆော် တိုက်တွန်းနေပါတယ်။ ခရစ်တော်ရဲ့ရွေနှလုံးတော်က ဖော်ပြတော်မူတဲ့ ချစ်ခြင်းမေတ္တာဟာ “အာဂါပေ”ဆိုတဲ့ချစ်ခြင်းမေတ္တာအတိုင်း အတ္တကင်းစင်တယ်၊ ပေးဆပ်လိုစိတ်ရှိတယ်၊ ကယ် တင်ခြင်းပေးတယ်၊ အကြွင်းမဲ့မေတ္တာတော်ကို ဖော်ဆောင်တယ်။

ခရစ်ယာန်ဘာသာဆိုတာ ချစ်ကြဖို့၊ ချစ်ခြင်း၌ တည်ကြဖို့၊ အရာရာကို ချစ်ခြင်းမေတ္တာ အရင်းခံပြီး လုပ်ဆောင်ကြဖို့ သွန်သင်တဲ့ဘာသာတရားဖြစ်ပါတယ်။ ချစ်ခြင်းမေတ္တာဆိုတဲ့နေ ရာမှာ အပေါ်ယံကိုယ်ကာယကိုသာ အလှအဖြစ် ဖော်ဆောင်ခြင်းမဟုတ်ဘဲ ကားတိုင်တော် ပေါ်မှာ အသက်ခန္ဓာစတေးတဲ့အထိ အမြင့်ဆုံးပေးဆပ်တဲ့အလှ၊ တောင်ထိပ်မှာ တည်ထားတဲ့

အလင်းလိုမျိုး ထွန်းလင်းတဲ့အလှဖြစ်ပါတယ်။ ခရစ်တော်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ပတ်သက်ပြီး ရှင်ယောဟန်က သူပြုစုခဲ့တဲ့ဧဝံဂေလိကျမ်းမှာ အခုလိုဖော်ညွှန်းထားပါတယ်။

"မိမိ၏မိတ်ဆွေများအဖို့ မိမိ၏အသက်ကို စွန့်လွှတ်သောချစ်ခြင်းမေတ္တာထက် ပို၍ ကြီးမြတ်သည့်ချစ်ခြင်းမေတ္တာမျိုး အဘယ်သူတွင်မျှမရှိ။" (ယော ၁၅:၁၃)

ကျွန်ုပ်တို့အားလုံးဟာ အဲဒီလိုအတ္တကင်းစင်တဲ့၊ မိမိကိုယ်ကို စတေးရဲတဲ့ ချစ်ခြင်း မေတ္တာကို ဘဝမှာ ခံစားခဲ့ကြဖူးပါတယ်။ ကျွန်ုပ်တို့ရဲ့ မိခင်တွေကိုပဲ ကြည့်လိုက်ပါ။ ယနေ့ ခေတ်တိုင်အောင် မိခင်အတော်များများဟာ သားဖွားရင်း သေဆုံးနေကြရပါတယ်။ သူတို့ဟာ ကျွန်ုပ်တို့အသက်ရှင်ဖို့အတွက် မိမိတို့အသက်ကို စတေးပေးကြပါတယ်။ ဤအရာသည်ကား ငါ၏အသားဖြစ်၏၊ ယူကြပါလို့ မိန့်တော်မူခဲ့တဲ့ယေဇူးသခင်လိုပဲ ကျွန်ုပ်တို့ရဲ့ မိခင်တွေဟာ လည်း သူတို့ရဲ့ ကိုယ်ခန္ဓာကို ကျွန်ုပ်တို့ကို ပေးကြပါတယ်။ ဤအရာသည်ကား ငါ၏သွေးဖြစ် ၏၊ ယူကြပါလို့ မိန့်တော်မူခဲ့တဲ့ယေဇူးသခင်လိုပဲ ကျွန်ုပ်တို့ရဲ့ မိခင်တွေဟာ သူတို့ရဲ့ အဖိုးတန် တဲ့သွေးကို ကျွန်ုပ်တို့ကို ပေးကြပါတယ်။ အဲဒီအတွက်လည်း သူတို့ဘက်က ဘာမှ တောင်းဆို တာမရှိပါဘူး။ ရင်သွေးဖြစ်တဲ့ ကျွန်ုပ်တို့ကို ချစ်ရတာနဲ့တင် သူတို့ကျေနပ်တတ်ကြပါတယ်။ | အဲဒီလိုမြင့်မြတ်တဲ့ မိခင်မေတ္တာမျိုးဟာ အလွန်သန့်ရှင်းစင်ကြယ်တော်မူသော ရွှေနှလုံး တော်ရဲ့ချစ်ခြင်းမေတ္တာမျိုးဖြစ်ပါတယ်။

ဒီချစ်ခြင်းမေတ္တာမျိုးကို ကိုဗစ်ကာလအချိန်မှာ ကျန်းမာရေးဝန်ထမ်းတွေက ပြသနေ ကြပါတယ်။ ရာပေါင်းများစွာသောကျန်းမာရေးဝန်ထမ်းတွေအသက်ဆုံးပါးခဲ့ကြရပြီး သူတို့ရဲ့ မိသားစုတွေဟာလည်း စိတ်နှလုံးကြေကွဲ ပူဆွေးကြရပါတယ်။ ယေဇူးသခင်လိုပဲ သူတို့တစ်ဦး စီဟာလည်း "မိမိ၏မိတ်ဆွေများအဖို့ မိမိ၏အသက်ကို စွန့်လွှတ်သောချစ်ခြင်းမေတ္တာထက် ပို၍ ကြီးမြတ်သည့်ချစ်ခြင်းမေတ္တာမျိုး အဘယ်သူတွင်မျှမရှိ"ဆိုတဲ့ မိန့်ကြားချက်အတိုင်း စွန့် လွှတ်ပေးဆပ်တဲ့ချစ်ခြင်းမေတ္တာကို ပြသဖို့ ရွေးချယ်ခဲ့ကြပါတယ်။

အဲဒီလို ကျန်းမာရေးဝန်ထမ်းတွေရဲ့ စွန့်လွှတ်ပေးဆပ်တဲ့မေတ္တာမျိုးဟာ အလွန်သန့် ရှင်းစင်ကြယ်တော်မူသော ရွှေနှလုံးတော်ရဲ့ချစ်ခြင်းမေတ္တာမျိုးဖြစ်ပါတယ်။

ကိုဗစ်ရောဂါသည်တွေရဲ့ နောက်ဆုံးအချိန်မှာ သူတို့ကို စက္ကရမင်တူးပေးဖို့နဲ့ ရောဂါ ကြောင့် ကွယ်လွန်ခဲ့ရသူတွေကို လိုက်ပါသဂြိုဟ်ဖို့ ကြိုးစားလုပ်ဆောင်ရင်း အသက်ပေးဆပ်ခဲ့ ကြရတဲ့ သာသနာ့ဝန်ထမ်းတွေ၊ ဘုန်းတော်ကြီးတွေ၊ သီလရှင်တွေ၊ ကူညီလုပ်ကိုင်ကြသူတွေရဲ့

အနစ်နာခံမှုတွေကိုလည်း ကျွန်ုပ်တို့မေ့ထားလို့မရပါဘူး။ တခြားသောသူတွေအသက်ရှင်နိုင်ဖို့ အတွက် မိမိတို့ရဲ့ ကာကွယ်ရေးဝတ်စုံတွေကို တစ်ပါးသူကို ပေးခဲ့ကြတဲ့ ဘုန်းတော်ကြီးတွေနဲ့ အလားတူပုဂ္ဂိုလ်မျိုးတွေကိုလည်း မေ့ထားလို့ မရပါဘူး။

အဲဒီလိုထူးခြားလှပြီး အကြွင်းမဲ့ပေးဆပ်တဲ့မေတ္တာမျိုးဟာ အလွန်သန့်ရှင်းစင်ကြယ် တော်မူသော ရွှေနှလုံးတော်ရဲ့ချစ်ခြင်းမေတ္တာမျိုးဖြစ်ပါတယ်။ အခုလို ကိုဗစ်ကပ်ရောဂါဘေး ကာလမှာ စွန့်လွှတ်အနစ်နာခံကြတဲ့ အာဇာနည်တွေနဲ့ သူတို့ရဲ့ စိတ်ဓာတ်တွေကို ချီးမွမ်းဂုဏ် ပြုဖို့ ကျွန်ုပ်တို့စုရုံးလာကြပါတယ်။

ကက်သလစ်သာသနာတော်အနေနဲ့ ယေဇူးရွှေနှလုံးတော်ပွဲကို ကျင်းပရတဲ့ရည်ရွယ် ချက်ကတော့ ယေဇူးသခင်ရဲ့ တရားတော်ဟာ ချစ်ခြင်းမေတ္တာတရားဖြစ်တဲ့အကြောင်း၊ ချစ် ခြင်းမေတ္တာသာလျှင် တစ်ခုတည်းသောလမ်းစဉ်ဖြစ်တဲ့အကြောင်း ဖော်ပြလိုတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ကက်သလစ်ဘာသာဝင်တွေအနေနဲ့ ကျွန်ုပ်တို့ဟာ ချစ်ခြင်းမေတ္တာကို ချီးမွမ်း ဂုဏ်ပြုကြပါတယ်။ ရဟန္တာ စိန့်မာဂရက်မေရီကို ယေဇူးသခင် ထင်ရှားပြတော်မူခဲ့တဲ့ အကြိမ် များစွာထဲက တစ်ကြိမ်မှာ ယေဇူးသခင်က မိမိရဲ့ရွှေနှလုံးတော်ကို ပြသပြီးတော့ "ဒီနှလုံးတော် ကို ကြည့်ပါ၊ ငါ့ရဲ့ ချစ်ခြင်းမေတ္တာကို သက်သေပြဖို့အတွက် ဒီနှလုံးတော်ဟာ အစွမ်းကုန်လောင်ကျွမ်းပြီး ဘာမှကို မကျန်တော့တဲ့အထိ လူတွေကို ချစ်မြတ်နိုးခဲ့တယ်"လို့ မိန့်တော်မူခဲ့ ပါတယ်။

မှန်ပါတယ်။ ယေဇူးရွှေနှလုံးတော်ဟာ ချစ်ခြင်းမီးလျှံကို ပြသဖို့အတွက် အစွမ်းကုန် လောင်ကျွမ်းခဲ့ရပါတယ်။ ကိုယ်တော်ရှင်ရဲ့ ဘဝအသက်တာနဲ့ တရားတော်ဟာလည်း ဤကမ္ဘာ လောကကို ချစ်ခြင်းမေတ္တာမီးနဲ့ လွှမ်းခြုံခဲ့ပါတယ်။ ။

"Ite inflammate Omnia." "သွားကြလော့။ ဤကမ္ဘာလောကကို ချစ်ခြင်းမေတ္တာမီးနဲ့ လွှမ်းခြုံစေကြလော့"

ခရစ်ယာန်ဘာသာဟာ အပြစ်နဲ့ အပြစ်ဒဏ်ဖြစ်တဲ့ ထာဝရငရဲကို အသားပေးပြီး ချစ် ခြင်းမေတ္တာကင်းမဲ့တဲ့ ဘာသာတရားအဖြစ် မှားယွင်းစွာ ပုံဖော်ခြင်းကို ခံလာခဲ့ရပါတယ်။ ဒီ ယေဇူးရွှေနှလုံးတော်ပွဲဟာ အဲဒီလိုမှားယွင်းတဲ့ထင်မြင်ချက်တွေကို ချေဖျက်ခဲ့ပါတယ်။ ခရစ် ယာန်ဘာသာဟာ ချစ်ခြင်းမေတ္တာရဲ့ လမ်းစဉ်၊ ချစ်ခြင်းမေတ္တာရဲ့ မီးလျှံဖြစ်ပါတယ်။ ကျမ်းစာ တော်မြတ်ဟာလည်း အပြစ်အကြောင်း၊ ဒါမှမဟုတ် ကလဲ့စားချေခြင်းအကြောင်း ဖော်ပြတဲ့ ကျမ်းမဟုတ်ပါဘူး။

ကျမ်းစာတော်မြတ်ဟာ စီးဆင်းနေတဲ့ချစ်ခြင်းမေတ္တာတော်ကို ဖွဲ့နွဲ့ထားခြင်းသာဖြစ်ပါ တယ်။ လူ့သမိုင်းတစ်လျှောက်မှာ ချစ်ခြင်းမေတ္တာကို ဖွဲ့ဆိုထားတဲ့ အကောင်းဆုံးကဗျာတွေ ထဲက တစ်ခုဖြစ်တဲ့ "ဆော်လမုန်သီချင်း"ကျမ်းထဲမှာ လူသားတို့အပေါ်ထားရှိတဲ့ ဘုရားသခင် ရဲ့မေတ္တာတော်ကို ပြောင်မြောက်လှပတဲ့ ချစ်ခြင်းစကားလုံးတွေနဲ့ ဖွဲ့ဆိုထားပါတယ်။

"ကျွန်မကို ကိုယ်တော်၏နှလုံးတော်ပေါ်မှာ တံဆိပ်ခပ်တော်မူပါ။ လက်ရုံးတော်ပေါ် မှာ တံဆိပ်ခပ်တော်မူပါ။ အကြောင်းမူကား မေတ္တာသည် သေခြင်းနှင့်အမျှ တန်ခိုးကြီးပါ၏။ ခင်ပွန်းကို မယုံသောစိတ်သဘောသည် မရဏာနိုင်ငံနှင့်အမျှ ခက်ထန်ပါ၏။ သူ၏အရှိန်သည် မီးအရှိန်၊ လျှပ်စစ်အရှိန်ဖြစ်ပါ၏။ သို့ရာတွင် ရေများတို့သည် မေတ္တာကို မသတ်နိုင်။ မြစ်ရေ တို့သည်လည်း မလွှမ်းမိုးနိုင်။" (ဆော်လမုန်သီချင်း ၈ : ၆)

မှန်ပါတယ်။ ချစ်ခြင်းမေတ္တာဟာ သေခြင်းထက်ကို ပိုပြီးသန်မာပါတယ်။ မှန်ပါတယ်။ ချစ်ခြင်းမေတ္တာရဲ့ ခရီးပန်းတိုင်က ဘုရားသခင်ပဲဖြစ်ပါတယ်။ ချစ်ခြင်းမေတ္တာ၌ တည်နေသူတို့ အတွက် သေဆုံးခြင်းဆိုတာ မရှိပါဘူး။ ချစ်ခြင်းမေတ္တာဟာ ကောင်းကင်နိုင်ငံတော်ပါပဲ။ ချစ် ခြင်းမေတ္တာကပဲ ကျွန်ုပ်တို့ရဲ့ ဘဝကို ပုံဖော်ပေးပါတယ်။ ချစ်ခြင်းမေတ္တာမီးကို ချီးမွမ်းဂုဏ်ပြု တဲ့ ယေရှုးရွှေနှလုံးတော်ပွဲက ခရစ်ယာန်တစ်ဦးစီရဲ့ တစ်သက်တာခေါ်တော်မူခြင်းဟာ ချစ် ခြင်းမေတ္တာဖြစ်တယ်ဆိုတာကို ပြန်လည်သတိရစေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရား သခင်က ချစ်ခြင်းမေတ္တာဖြစ်ပြီး ချစ်ခြင်းမေတ္တာဟာ ဘုရားသခင်ကို ရည်ညွှန်းနေလို့ပါပဲ။ ချစ်ခြင်းမေတ္တာမရှိတဲ့သူဟာ ဘုရားကျောင်းတွေကို တစ်ကျောင်းတစ်ကျောင်း လိုက်တက် ပြီး ဆုတောင်းမေတ္တာတွေကို အဆက်မပြတ်ရွတ်ဆိုနေရင်တောင်မှ ဘုရားသခင်ကို မသိနိုင် ပါဘူး။ အဲဒါနဲ့ပတ်သက်ပြီး ရှင်ယောဟန်က အခုလိုအခိုင်အမာသွန်သင်ခဲ့ပါတယ်။ "ချစ်ခြင်း မေတ္တာမရှိသောသူသည် ဘုရားသခင်ကို မသိချေ။ အကြောင်းမူကား ဘုရားသခင်သည် ချစ် ခြင်းမေတ္တာဖြစ်တော်မူ၏။" (၁ ယော ၄၈)

ခရစ်ယာန်ဘာသာဟာ ပညတ်တရားတွေနဲ့ ချုပ်နှောင်ထားတဲ့ဘာသာတရားမဟုတ်ပါ ဘူး။ ချစ်ခြင်းမေတ္တာနဲ့ လွှမ်းခြုံထားတဲ့ ဘာသာတရားဖြစ်ပါတယ်။ ဓမ္မဟောင်းကျမ်းနဲ့ ပရောဖက်တွေရဲ့ဟောထားချက်တွေကို ပြည့်စုံစေဖို့ ကြွလာတော်မူတဲ့ ယေရှုးဘုရားရှင်ဟာ အရေအတွက်အားဖြင့် (၆၀၀)ကျော်ရှိတဲ့ ဓမ္မဟောင်းပညတ်ချက်တွေကို ပညတ်တော်(၂)ပါးထဲဖြစ် လာအောင် ပြောင်းလဲတော်မူခဲ့ပါတယ်။

သင်၏အရှင် ထာဝရဘုရားသခင်ကို ချစ်ပါ။ သင်နဲ့နီးစပ်သူကို ချစ်ပါ။ သင့်ရန်သူကိုလည်း ချစ်ပါ။

အဲဒါဟာ ခရစ်ယာန်ဘာသာပါပဲ။ သင့်ရဲ့ ဘုရားသခင်ဟာ မေတ္တာတော်ရှင်ဖြစ်ပါ တယ်။ သင်ဟာ ချစ်ခြင်းမေတ္တာနဲ့ အသက်ရှင်တယ်။ ချစ်ခြင်းမေတ္တာဟာ အမြင့်မြတ်ဆုံးဆုတောင်းမေတ္တာဖြစ်သလို အမြင့်မြတ်ဆုံးသဒ္ဓါကြည်ညိုခြင်းလည်းဖြစ်ပါတယ်။ ခရစ်ယာန်ဘာ သာကို ချစ်ခြင်းမေတ္တာနဲ့ တည်ထောင်ခဲ့တာပါ။ ခရစ်တော်ကလည်း မိမိရဲ့ နောက်တော်ကို လိုက်တဲ့သူတွေအနေနဲ့ မုန်ရာကိုသာ သက်သေခံကြဖို့ အလိုတော်ရှိခဲ့ပါတယ်။

"ငါသည် သင်တို့အား ပညတ်အသစ်ကို ပေးသည်ကား သင်တို့အချင်းချင်း ချစ်ကြ လော့။ သင်တို့ကို ငါချစ်သကဲ့သို့ သင်တို့သည်လည်း အချင်းချင်းချစ်ကြလော့။ သင်တို့အချင်း ချင်းချစ်ကြလျှင် လူခပ်သိမ်းတို့သည် ထိုချစ်ခြင်းမေတ္တာကို ထောက်ရှု၍ သင်တို့သည် ငါ၏ တပည့်များဖြစ်ကြောင်း သိကြလိမ့်မည်ဟု မိန့်တော်မူ၏။" (ယော ၁၃ : ၃၄-၃၅)

"တစ်စုံတစ်ယောက်က ငါသည် ဘုရားသခင်ကို ချစ်သည်ဟုဆိုပြီး မိမိ၏ညီအစ်ကိုကို မုန်းတီးလျှင် ထိုသူသည် လိမ်ညာသူဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မိမိမြင်ဖူးသည့် ညီအစ် ကိုကို မချစ်သောသူသည် မမြင်ဖူးသော ဘုရားသခင်ကို မည်သို့ချစ်နိုင်မည်နည်း။ ဘုရား သခင်ထံတော်မှ ငါတို့ရရှိခဲ့သောပညတ်တော်သည်ကား ဘုရားသခင်အား ချစ်သောသူသည် မိမိ၏ညီအစ်ကိုကိုလည်း ချစ်ရမည်ဟူ၍ ဖြစ်သတည်း။" (၁ ယော ၄ : ၂၀-၂၁)

ရှင်ပေါလုကလည်း ချစ်ခြင်းမေတ္တာကို ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းစတဲ့ ကျေးဇူးတော် တွေထက် ပိုပြီးမြင့်မြတ်တဲ့ကျေးဇူးတော်အဖြစ် သတ်မှတ်ခဲ့ပါတယ်။ သူရဲ့ သွန်သင်ချက်အရ ဘုရားသခင်ထံတော်ကနေ လူတစ်ယောက်တောင်းလျှောက်နိုင်တဲ့ အမြင့်ဆုံးသောပါရမီတော် ဟာ ပရောဖက်ဉာဏ်လည်းမဟုတ်၊ ဘာသာစကားအမျိုးမျိုးပြောနိုင်တဲ့အစွမ်းလည်းမဟုတ်၊ ဉာဏ်ပညာလည်းမဟုတ်၊ သဒ္ဓါတရားလည်းမဟုတ်ဘဲ ချစ်ခြင်းမေတ္တာရှိဖို့၊ ချစ်ခြင်းမေတ္တာ၌ တည်ဖို့ပဲဖြစ်ပါတယ်။

သူရေးသားခဲ့တဲ့ မေတ္တာဘွဲ့ဟာ အရမ်းကိုပဲ လှပပါတယ်။

• ချစ်ခြင်းမေတ္တာသည် အဆုံးမရှိ။

ပရောဖက်တို့၏ ဟောထားချက်များသည် ပျောက်ကွယ်သွားကြလိမ့်မည်။

• ဘာသာစကားအမျိုးမျိုးတို့ကို ပြောနိုင်သောလျှာတို့သည်လည်း တိတ်ဆိတ်သွားကြလိမ့်မည်။

• အဘယ်ကြောင့်ဆိုသော် ငါတို့၏အသိပညာနှင့် ဗျာဒိတ်တော်အားဖြင့် ဟောပြောနိုင်သော ငါတို့၏အစွမ်းတို့သည် မပြည့်စုံပေ။

• သို့ဖြစ်၍ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းတည်းဟူသော ပါရမီသုံးပါး တို့သည် တည်လျက်ရှိပြီး ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း။ (၁ ကော် ၁၃ : ၈၊ ၉၊ ၁၃) ဒီကနေ့ ယေရှုးရွေနှလုံးတော်ပွဲနေ့မှာ ကျွန်ုပ်တို့ဟာ ချစ်ခြင်းမေတ္တာကို ချီးမွမ်းဂုဏ်ပြု ဖို့၊ ခရစ်ယာန်ဘာသာရဲ့ အမြင့်ဆုံးသောပါရမီတော်ကို ချီးမွမ်းဂုဏ်ပြုဖို့၊ စွန့်လွှတ်ပေးဆပ်တတ်တဲ့ ချစ်ခြင်းမေတ္တာကို ချီးမွမ်းဂုဏ်ပြုဖို့ စုရုံးရောက်ရှိလာခဲ့ကြပါတယ်။

ဒါဆိုရင် ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ဘဝရဲ့ အဓိကအစိတ်အပိုင်းဖြစ်အောင် ဘယ်လို လုပ်ကြမလဲ။

**၁။ ချစ်ခြင်းမေတ္တာကို ဘဝရဲ့ ပထမဆုံးရွေးချယ်မှု၊ နောက်ဆုံးရွေးချယ်မှုနဲ့ တစ်ခုတည်းသော ရွေးချယ်မှုအဖြစ် နေရာပေးပါ။**

လူအားလုံးကို ချစ်ဖို့ဆိုတာ ခက်ခဲတဲ့အရာပါ။ တကယ်တော့ လူသားအဖြစ် နေထိုင် အသက်ရှင်ရတာကိုက ခက်ခဲတဲ့အရာပါ။ ကျမ်းစာတော်မြတ်ကတော့ (၁ ယော ၃၁၁) မှာ "ငါတို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦး ချစ်ရမည်ဟူသောအချက်မှာ အစဦးကတည်းက ငါတို့ကြားနာခဲ့ကြသောသတင်းစကားပင်ဖြစ်၏"လို့ ဆိုထားပါတယ်။ ။

ကျွန်ုပ်တို့ဟာ အရေးကြီးတယ်လို့ ထင်တဲ့အရာအတွက် အချိန်ပေးလေ့ရှိကြပါတယ်။ လူအတော်များများကတော့ မိသားစုအတွက်၊ မိတ်ဆွေသူငယ်ချင်းအတွက်၊ အလုပ်အတွက်၊ ဆုတောင်းဖို့အတွက်၊ မရှိဆင်းရဲသားတွေကို ကူညီဖို့အတွက်၊ ရပိုင်ခွင့်တွေကို တောင်းဆိုဖို့ အတွက်၊ အစိုးရရဲ့ အုပ်ချုပ်ကိုင်တွယ်ပုံအလွဲအမှားတွေကို ဆန္ဒပြဖို့အတွက် အချိန်တွေပေးရ တာ ထိုက်တန်တယ်လို့ ထင်ကြတယ်။ ဒါပေမဲ့ ကျမ်းစာတော်မြတ်ကတော့ (၁ ကော် ၁၃ : ၃) မှာ "ငါ၌ ရှိသမျှဥစ္စာတို့ကို ပေးကမ်းစွန့်ကြဲ၍ ငါ၏ခန္ဓာကိုယ်ကို မီးရှို့စေခြင်းငှာ အပ်နှံပူဇော် သော်လည်း ချစ်ခြင်းမေတ္တာမရှိလျှင် ငါ၌ အကျိုးမခံစားရ"လို့ သတိပေးထားပါတယ်။

## ၂။ ယုံကြည်သူဘာသာဝင်အသိုင်းအဝိုင်းကို တည်ထောင်ပြီး သူတို့ရဲ့အမှတ်လက္ခဏာအဖြစ် ချစ်ခြင်းမေတ္တာကို ပေါ်လွင်ထင်ရှားစေရပါမယ်။

ပထမဆုံးသောခရစ်ယာန်တို့ဟာ မိမိတို့ရဲ့ အတ္တကင်းတဲ့ အကြွင်းမဲ့မေတ္တာကို ပေါ်လွင်ထင်ရှားစေတဲ့ ပုံသက်သေအားဖြင့် ဧဝံဂေလိတရားတော်ကို ပြန့်ပွားစေကြပါတယ်။ သာသနာအုပ်စုတစ်ခုဖြစ်လာဖို့အတွက် ချစ်ခြင်းမေတ္တာလိုအပ်ပါတယ်။ ကိုဗစ်ကာလမှာ ဘုရားကျောင်းတံခါးတွေပိတ်ထားပေမဲ့ ခရစ်ယာန်တွေဟာ ချစ်ခြင်းမေတ္တာပြသဖို့အတွက် နှလုံးသားတွေကို ဖွင့်ထားကြပါတယ်။ ကျွန်ုပ်တို့ရဲ့ ဝတ်ပြုကိုးကွယ်ခြင်းတွေ၊ ဆုတောင်းမေတ္တာတွေ၊ အဖွဲ့အစည်းတွေအားလုံးဟာ ချစ်ခြင်းမေတ္တာအပေါ်မှာပဲ အခြေခံရပါလိမ့်မယ်။

Rev. Martin Luther King, Jr., က “Strength to love" (ချစ်ခြင်းမေတ္တာအတွက် ခွန်အား)ဆိုတဲ့ သူ့ရဲ့နာမည်ကျော်ဟောပြောချက်ထဲမှာ “ကျွန်ုပ်တို့ခရစ်ယာန်တွေအနေနဲ့ ချစ်ခြင်းရဲ့ ပညတ်တော်က ဘာကိုတောင်းဆိုနေသလဲဆိုတာကို နားလည်အောင် ကြိုးစားပြီး အဲဒီ အတိုင်း နေထိုင်အသက်ရှင်နိုင်အောင် အစွမ်းကုန် အားထုတ်ကြဖို့ တာဝန်ရှိပါတယ်”ဆိုပြီး ခရစ်ယာန်တွေကို တိုက်တွန်းထားပါတယ်။

## ၃။ ချစ်ခြင်းမေတ္တာကို လူသားတို့ရှေ့ဆက်လျှောက်လှမ်းရမယ့်တစ်ခုတည်းသောလမ်းစဉ် အဖြစ် ခံယူပါ။ ယေရှုးရွှေနှလုံးတော်ဟာ ကမ္ဘာလောကရဲ့ ကယ်တင်ရှင်ဖြစ်ပါတယ်။

လူသားတွေဟာ ထိခိုက်ပျက်စီးလွယ်တယ်ဆိုတာကို အမှတ်ရစေဖို့ ကိုဗစ်ကပ်ရောဂါ က သင်ခန်းစာကောင်းကောင်းပေးခဲ့ပါတယ်။ သာမန်မျက်စိနဲ့မမြင်နိုင်တဲ့ဗိုင်းရပ်စ်ပိုးက လွယ်လွယ်နဲ့အနိုင်ယူလို့ မရဘူးဆိုတာကို သက်သေပြခဲ့ပါပြီ။ အဲဒီဗိုင်းရပ်စ်ကြောင့် လူသန်းပေါင်း များစွာရောဂါကူးစက်ခံခဲ့ရပြီး လူထောင်ပေါင်းများစွာလည်း ဆုံးပါးခဲ့ရပါပြီ။ ဘုရားကျောင်း တံခါးတွေလည်း ပိတ်ခဲ့ရပြီး အဖနဲ့ သား၊ အမိနဲ့ သမီးတို့ဟာလည်း နီးနီးကပ်ကပ်နေလို့ မရတော့ပါဘူး။ မိမိချစ်မြတ်နိုးရတဲ့မိသားစုဝင်ကွယ်လွန်တာကိုတောင် အသုဘလိုက်ပို့ခွင့်မရတဲ့ အထိ အခြေအနေဆိုးဝါးခဲ့ပါတယ်။

ကိုဗစ်ကပ်ရောဂါဟာ ကမ္ဘာအတွက် တကယ့်ကို စိန်ခေါ်မှုကြီးဖြစ်ပါတယ်။ အဲဒီရောဂါကြောင့် ကမ္ဘာကြီးဟာ ဘယ်အရာကို ဦးစားပေးလုပ်ဆောင်ရမလဲဆိုတာကို သတိကြီးကြီးထားပြီး ဆုံးဖြတ်နေကြရပါပြီ။ ဒီလိုအချိန်မှာ ကျွန်ုပ်တို့တတွေဟာ ချစ်ခြင်းမေတ္တာကို အခိုင်အမာပြသဖို့ လိုပါတယ်။ အာဒံလက်ထက်ကတည်းကနေ ယနေ့အချိန်အထိ လူသားတို့ဟာ လူသားဆန်ဆန်ပြုမူနိုင်ကြဖို့ကို ရုန်းကန်လာခဲ့ကြရပါတယ်။ အမုန်းတရားတွေ၊ အကြမ်းဖက်

သတ်ဖြတ်ခြင်းတွေဟာ အပြစ်ရဲ့ မူလအရင်းအမြစ်တွေပါပဲ။ ကမ္ဘာဦးကျမ်းကစလို့ ယနေ့ အချိန်အထိ လူ့သမိုင်းတစ်လျှောက်မှာ သွေးထွက်သံယိုမှုတွေလွှမ်းမိုးနေပါတယ်။ ။

လွန်ခဲ့တဲ့ရာစုနှစ်တစ်ခုတည်းမှာတင် စစ်ဘေးဒဏ်နဲ့ ငတ်မွတ်ခေါင်းပါးခြင်းဘေးဒဏ် ကြောင့် လူပေါင်း(၁၃၅)သန်း သေကြေပျက်စီးခဲ့ရပါတယ်။ လူဦးရေ (၆၅)သန်းကျော်ဟာ လည်း ဒုက္ခသည်ဘဝနဲ့ ယနေ့အထိတိုင် နေထိုင်နေကြရပါတယ်။

ကျွန်ုပ်တို့ ချစ်ခြင်းမေတ္တာပြသဖို့ မွေးဖွားလာကြပေမဲ့ အပြစ်ရဲ့မူလအရင်းအမြစ်တွေ ကြောင့် ကျွန်ုပ်တို့ဟာ အမုန်းတရားရဲ့ကျေးကျွန်ဖြစ်ကြရပါတယ်။ သမိုင်းတစ်လျှောက်မှာ အဲ ဒီအမုန်းတရားနဲ့အတူ သွေးချောင်းတွေလည်း စီးခဲ့ရပါပြီ။ ဒါဟာ လောကငရဲပါပဲ။ ဒီလို အခြေအနေကို လောကနိဗ္ဗာန်ဖြစ်အောင် ဘယ်လိုပြောင်းလဲကြမလဲ။

ယေရှုးရွှေနှုတ်တော်မှာ အဖြေရှိပါတယ်။ အဲဒါကတော့ ချစ်ခြင်းမေတ္တာရဲ့ ကယ်တင် နိုင်သောစွမ်းအားပဲဖြစ်ပါတယ်။

ကွယ်လွန်သွားပြီဖြစ်တဲ့ Dr. Martin Luther King, Jr, က “ကျွန်ုပ်တို့ဟာ ချစ်ခြင်း မေတ္တာရဲ့ ကယ်တင်နိုင်တဲ့အစွမ်းမျိုးရအောင် ကြိုးစားကြရပါမယ်။ ဒါမှသာ ကျွန်ုပ်တို့ဟာ အတိတ်ဆိုးတွေကို ဖယ်ရှားပြီး လောက ကမ္ဘာသစ်ကို တည်ထောင်နိုင်ကြပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ချစ်ခြင်းမေတ္တာဟာ တစ်ခုတည်းသော လမ်းစဉ်ဖြစ်လို့ပါပဲ”လို့ ဟောပြောခဲ့ ဖူးပါတယ်။

မှန်ပါတယ်။ အဲဒါဟာ ချစ်ခြင်းမေတ္တာရဲ့ မီးလျှံပါပဲ။ ဒီကနေ့ ပွဲတော်မြတ်မှာ ကျွန်ုပ်တို့ ဟာ အဲဒီချစ်ခြင်းမီးလျှံကို ခံစားရရှိဖို့ လိုအပ်ပါတယ်။

မီးက အရာရာကို ပြောင်းလဲပေးခဲ့ပါတယ်။ လူ့သမိုင်းမှာ မီးရဲ့ အသုံးဝင်ပုံကို သိလိုက် ရတာဟာ အကြီးမားဆုံးရှာဖွေတွေ့ရှိမှုတွေထဲက တစ်ခုပါပဲ။ မီးနဲ့အတူ မိသားစုတွေဖြစ်ပေါ် လာကြတယ်။ အဖွဲ့အစည်းတွေထွက်ပေါ်လာပြီး လူ့ယဉ်ကျေးမှုလည်း ထွန်းကားလာခဲ့တယ်။ စက်မှုလုပ်ငန်းမှာဆိုရင် မီးရဲ့ အရေးပါမှုက အဆုံးမရှိသလိုပါပဲ။

အဲဒီမီးဟာ ကြောက်စိတ်နဲ့ တိရစ္ဆာန်လိုမျိုး အရိုင်းစိတ်ကို လူ့အတွင်းသဘောကနေ ဖယ်ထုတ်ပေးခဲ့တယ်။ အမှောင်ကမ္ဘာဟာလည်း လူသားတွေကို ချုပ်နှောင်ပြီး မွန်းကျပ်စေနိုင် မယ့်နည်းလမ်းတွေကို ရှာကြံနေပါတယ်။ အဲဒီအမှောင်ကမ္ဘာကို ဖယ်ရှားနိုင်တဲ့မီးကတော့ ချစ် ခြင်းမေတ္တာမီးပါပဲ။

ချစ်ခြင်းမေတ္တာသည် အစဉ်အမြဲစိတ်ရှည်၍ ကြင်နာသနားတတ်၏။ ချစ်ခြင်းမေတ္တာ သည် မနာလိုခြင်းမရှိ။ ဝါကြွားခြင်းလည်းမရှိ။ ၎င်း၌ မာန်မာနမရှိသကဲ့သို့ ရိုင်းပျမှုလည်းမရှိ။ ချစ်ခြင်းမေတ္တာသည် ကိုယ်ကျိုးကို မရှာတတ်။ အမျက်ဒေါသမထွက်တတ်။ အငြိုးအတေး လည်း မထားတတ်။ ချစ်ခြင်းမေတ္တာသည် မကောင်းသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်။ သမ္မာတရား၌မူ ဝမ်းမြောက်တတ်၏။ ချစ်ခြင်းမေတ္တာသည် အရာရာကို ခံထမ်းနိုင်၏။ အရာ အားလုံးကို ယုံကြည်၏။ ချစ်ခြင်းမေတ္တာသည် အဆုံးမရှိ။

(၁ ကော် ၁၃ : ၄-၈) | Bishop Michael Curry ဆိုတဲ့ ဆရာတော်တစ်ပါးက တော်ဝင်လက်ထပ်ထိမ်းမြားပွဲ တစ်ခုမှာ ချစ်ခြင်းမေတ္တာမီးလျှံအကြောင်းကို ဟောပြောခဲ့ပါတယ်။ ဆရာတော်ဟာ သူ့ရဲ့ ဟောပြောချက်ကို ဂျက်ဆွဘုန်းတော်ကြီး Fr. Teilhard De Chardin ရဲ့ပြောစကားကို ကိုးကားပြီး အဆုံးသတ်ခဲ့ပါတယ်။

Fr. Teilhard De Chardin ဟာ ထင်ရှားတဲ့သိပ္ပံပညာရှင်တစ်ဦးပါ။ သူက လူ့ယဉ်ကျေးမှုထွန်းကားလာခြင်းရဲ့ ပထမဆုံးအကြောင်းရင်းဟာ မီးဖြစ်တယ်လို့ မှတ်ချက်ပြုခဲ့ပါ တယ်။ တစ်ချိန်တည်းမှာပဲ မျက်မှောက်ခေတ် လူသားတွေအနေနဲ့ အမုန်းတရားကြောင့် လူသားမျိုးနွယ်ပျက်စီးမယ့်ဘေးအန္တရာယ်နဲ့နီးကပ်နေတာကိုလည်း သူသတိထားမိတယ်။

ဒီလိုအချိန်ကာလမှာ နောက်ထပ်မီးတစ်ခုကို ရှာဖို့ လိုနေပါပြီ။ အဲဒီမီးကတော့ ချစ် ခြင်းမေတ္တာမီးလျှံပါပဲ။ ယေဇူးရှင့်နှလုံးတော်က ပေးတော်မူတဲ့သတင်းစကားကလည်း ပြတ်သားလှပါတယ်။ လူသားတွေလိုအပ်တဲ့ပါရမီတစ်ပါးတည်းသာရှိပြီး အဲဒါကတော့ ချစ်ခြင်း မေတ္တာပါရမီပဲဖြစ်ပါတယ်။ စစ်ပွဲတွေ၊ အမုန်းတရားတွေရဲ့ နေရာကို ချစ်ခြင်းမေတ္တာ အစား ထိုးဝင်ရောက်ပြီဆိုတာနဲ့ လူ့ယဉ်ကျေးမှုသစ်လည်း ပေါ်ထွန်းလာပါလိမ့်မယ်။

ယေဇူးရှင့်နှလုံးတော်ကို အထူးသဒ္ဓါကြည်ညိုသူတစ်ဦးဖြစ်တဲ့ Fr. Teilhard De Chardin ဟာ လူသားတွေအနေနဲ့ အဲဒီမီးလျှံကို ရယူပိုင်ဆိုင်ဖို့ လိုတယ်လို့ ကောက်ချက်ဆွဲခဲ့ ပါတယ်။

"တကယ်လို့ လူသားတွေအနေနဲ့ မီးရဲ့ အစွမ်းကို တစ်ဖန်ပြန်ပြီး ထိန်းချုပ်နိုင်မယ်ဆို ရင်၊ ချစ်ခြင်းမေတ္တာမီးရဲ့ အစွမ်းကို ရရှိနိုင်မယ်ဆိုရင် လူ့သမိုင်းတစ်လျှောက်မှာ မီးကို ဒုတိယ အကြိမ်ရှာဖွေတွေ့ရှိခြင်းဖြစ်ပါလိမ့်မယ်"လို့ ထောက်ပြသွားခဲ့ပါတယ်။

အဲဒီချစ်ခြင်းမေတ္တာမီးကို တွေ့ရှိနိုင်ဖို့ ယေဇူးရှင့်နှလုံးတော်က ကျွန်ုပ်တို့ကို ကူညီ စောင်မတော်မူပါစေ။

ဒီကမ္ဘာလောကဟာလည်း ချစ်ခြင်းမေတ္တာမီးလျှံနဲ့ လွှမ်းခြုံပါစေ။

ကာဒီနယ် ချားလ်စ်ဘို၊ (SDB)

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ